**Super Fixed Deposit** ၏ "စူပါရက် (၃၀)" အထူးအစီအစဉ် စည်းကမ်းသတ်မှတ်ချက်များနှင့် ပါဝင်နိုင်မည့်ပုံစံ

* "စူပါရက် (၃၀)" အထူးအစီအစဉ်ဆိုသည်မှာ ရိုးမဘဏ်၏ Fixed Deposit Customer များအတွက် ရက် (၃၀) ကာလ အပ်နှံရုံဖြင့် အမြင့်ဆုံးအတိုးနှုန်း ရယူနိုင်ရန် ရည်ရွယ်သည့် အထူးအစီအစဉ်ဖြစ်ပါသည်။
* ရိုးမဘဏ်၏ "စူပါရက် (၃၀)" အထူးအစီအစဉ်ကို ၂၀၂၄ ခုနှစ် ဇွန်လ (၁၇) ရက်နေ့မှစတင်ပြုလုပ်ခဲ့ပြီး Super Fixed Deposit ၏ ရက် (၃၀) ကာလ အပ်နှံမှုတစ်မျိုးတည်းအတွက်သာ အကျုံးဝင်မည်ဖြစ်ပါသည်။ တစ်လ (ရက် ၃၀) ချင်းဆီ (၃) လ အထိ သတ်မှတ်ထားသည့်အတိုင်း ငွေအပ်နှံသက်တမ်းတိုးပြုလုပ်၍ အမြင့်ဆုံးနှစ်စဉ်အတိုးနှုန်း ၉.၅၅% အထိ ထပ်ဆင့်အတိုးနှုန်းများရရှိနိုင်မည့် အစီအစဉ်ဖြစ်ပါသည်။

အပ်ငွေထားရှိရမည့်ပုံစံသတ်မှတ်ချက်နှင့် အတိုးနှုန်းခံစားခွင့်များကို အောက်ပါဇယားတွင်ကြည့်ရှုရန်_

| **အပ်နှံရမည့်ပမာဏ** | **စာရင်းသေအပ်ငွေကာလ** | **"စူပါရက် (၃၀)" အထူးအစီအစဉ် နှစ်စဉ်အတိုးနှုန်း ခံစားခွင့်** |
|---|---|---|
| ငွေကျပ် ၅၀,၀၀၀ နှင့် အထက် | ပထမလ - (ရက် ၃၀) | တစ်နှစ်လျှင် ၉.၃၅ % |
| ပထမလအပ်နှံငွေပမာဏ၏ အနည်းဆုံး ၁၀% မှ အများဆုံး ၂၀၀% အထိ ပိုမိုများသော အပ်နှံငွေပမာဏ | ဒုတိယလ - (ရက် ၃၀) | တစ်နှစ်လျှင် ၉.၄၅% |
| ဒုတိယလအပ်နှံငွေပမာဏ၏ အနည်းဆုံး ၁၀% မှ အများဆုံး ၂၀၀% အထိ ပိုမိုများသော အပ်နှံငွေပမာဏ | တတိယလ - (ရက် ၃၀) | တစ်နှစ်လျှင် ၉.၅၅% |

* စတင်အပ်နှံသည့် ပထမလ - (ရက် ၃၀) ကာလသက်တမ်းပြည့်ပြီးနောက် အထူးအတိုးနှုန်းများကို ဆက်လက်ရယူလိုပါက ယခင်အပ်နှံကာလသက်တမ်းပြည့်ပြီး နောက်(၇) ရက်အတွင်း သတ်မှတ်အပ်နှံငွေပမာဏအတိုင်း ငွေအပ်နှံကာ နောက်ထပ်သက်တမ်းတိုးမှု ပြုလုပ်ရမည်ဖြစ်ပါသည်။
* ဤအစီအစဉ်တွင်ပါဝင်ရင်း (ရက် ၃၀) ကာလသက်တမ်းမပြည့်မီ ဆောလျင်စွာ အပ်ငွေထုတ်ယူလိုပါက ထိုလအတွက် အတိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။
* ဤအစီအစဉ်တွင် အတိုးကြိုယူ ထုတ်ယူခွင့် ရှိပါသည်။
* အစီအစဉ်အတွက် စတင်အပ်နှံသည့် ပထမလ - (ရက် ၃၀) ကာလသက်တမ်းပြည့်ပြီးနောက် သက်တမ်းတိုးပြုလုပ်နိုင်သည့် (၇) ရက်အတွင်း နောက်ထပ်လ၏ သက်တမ်းတိုးမှုအား မပြုလုပ်ပါက ထိုရပ်တန့်လိုက်သည့်ကာလ၏အတိုးနှုန်းသာ ခံစားရရှိမည်ဖြစ်ပါသည်။
* အစီအစဉ်တွင်ပါဝင်ရန် Super Fixed Deposit Account ကို နီးစပ်ရာဘဏ်ခွဲများတွင် ငွေသားအပ်နှံ၍သော်လည်းကောင်း၊ Yoma Bank Next Mobile Application အသုံးပြု၍အကောင့်ဖွင့်၍သော်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။
* ဤအစီအစဉ်တွင် တစ်ဦးချင်းစာရင်း (Personal Account) များဖြင့်သာမက ကုမ္ပဏီပိုင်စာရင်း (Enterprise Account) နှင့် ပူးတွဲစာရင်း (Joint Account) များပါဝင်နိုင်မည်ဖြစ်ပြီး အရွယ်မရောက်သေးသူ သက်ငယ်စာရင်း (Minor Account) များနှင့် နိုင်ငံခြားသား (Foreigner) များ ပါဝင်ခွင့်ရှိမည် မဟုတ်ပါ။

*သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။